
ဘာသာပြန်စာရေးဆရာ – မင်းနန္ဒာ
နတ်ဆိုးမင်းသား
R18
(ခွန်ရတ်ဒ်)
(စာစဉ် –၁)
(Chapter 1 - 15)

# မိတ်ဆက်

နတ်ဘုရားတစ်ပါးရဲ့ အကူအညီနဲ့ ပြန်လည်ဝင်စားခြင်းမှာ မိန်းမစိုးတစ်ယောက်ရဲ့ခန္ဓာကိုယ်ထဲ ပြန်လည်ဝင်စားမိသူ တစ်ယောက်အကြောင်း...

ကျင့်ကြံခြင်းတိုးတက်ဖို့ ပန်းနူးနိုင်မှအဆင့်တက်မယ့် ကျင့်ကြံသူတစ်ယောက်အကြောင်း...

သူကိုယ်တိုင်က ဗယုတ်ကျ ယုတ်မာသလောက် သူပိုင်တဲ့စနစ်က ပြန်ပြီး ယုတ်မာခံနေရတဲ့ သနားစရာလူတစ်ယောက်အကြောင်း....

နတ်ဘီလူးတစ်ဝက် ခန္ဓာကိုယ်နဲ့ ကျင့်ကြံခြင်းခရီးလမ်းမှာ ရက်စက်ယုတ်မာမှုအပေါင်း သရဖူဆောင်းမဲ့သူတစ်ယောက်အကြောင်း....

ကိုယ်လုပ်တော် တစ်သောင်းပြည့်အောင် ကျင့်ကြံရမဲ့ စနစ်နဲ့အတူ... ပန်းကိုဘယ်လိုပျိုးမယ်... ပန်းကိုဘယ်လိုခူးမယ် ဆိုတာမျိုးတွေ ဝေဝေဆာဆာဖတ်ရမဲ့စာစဉ်တစ်ခုဖြစ်ပါတယ်... မောင်းမ မိဖုရား ကြင်ယာတော်အမတ်ရဲ့ အမျိုးသမီး မင်းသမီး နတ်ဘုရားမတွေကအစ လက်ရှိကြင်ဖော်ဆီကနေ

ထွက်လာပြီး ကပ်နေရတဲ့အထိ Mc က ဘယ်လိုများ ဖမ်းစားထားလိုက်တာလဲ.. ပီတိဝေဖြာလက်ချောင်း ဆိုတဲ့ စွမ်းရည်မျိုးကို ဘယ်လိုမျိုး သေချာအသုံးပြုမလဲဆိုတာအပြင်

ကျင့်ကြံခြင်းအတွက် ပန်းဖူးဖို့လိုတာကြောင့်...

ဘယ်လိုကြံဖန်လှည့်စားယုတ်မာမလဲဆိုတာ သိချင်ရင်တော့ စာစဉ်ကို ဆက်ဖတ်ကြည့်ကြဖို့ တိုက်တွန်းပါတယ်....

စာစဉ်က ဖိုမကျင့်ကြံခြင်းလို့ခေါ်တဲ့ Duel Cultivation အမျိုးအစား ဖြစ်တဲ့အပြင် မူရင်းမှာ Rating ကို +18 သတ်မှတ်ထားတာ ဖြစ်တဲ့အတွက် အရွယ်မရောက်သေးသူများ မဖတ်သင့်ပါကြောင်း ထပ်ဆင့် သတိပေး တိုက်တွန်းလိုက်ရပါတယ် ခင်ဗျာ။

***

# အခန်း (၁)
# စနစ် အစပြုခြင်း

" တကယ်တော့ ရှုံ့ရှေ့တော်တွေရဲ့ဘဝက ဝမ်းနည်းစရာကောင်းတာ သက်သက်ပဲမဟုတ်လား ..... ဘာဖြစ်လို့ ငါတို့က ဒီခန္ဓာကိုယ်ကို စွန့်ပစ်ဖို့ တာဝန်ရယူရတာလဲ "

" မွန်မြတ်တဲ့ကြင်ယာတော်ရဲ့အမိန့်ကို လွန်ဆန်လို့မရဘူး ဒါကြောင့် ဒီဟာကိုပဲ ပြီးအောင် လုပ်ကြရအောင် "

ညအမှောင်နက်နက်တွင် ရှုံ့ရှေ့တော်နှစ်ယောက်သည် ငယ်ရွယ်ပုံရသောလူငယ်၏ သေဆုံးနေပြီးဖြစ်သော ခန္ဓာကိုယ်အား ရေဆိုးမြောင်းဆီသို့ ဆွဲသွားနေပြီး ညည်းတွားမြည်တမ်းလိုက်သည်.... သူသည် အသက် ၁၈ နှစ်မပြည့်သေးပုံပင်မပေါ်ကာ သူ၏ နက်မှောင်သော ဆံပင်တိုများက လည်ပင်းကိုဖြတ်ကျော်ပြီး ပုခုံးပေါ်ကျနေသည့်အတွက် ကြည့်ကောင်းနေသည်.. ကောင်းမွန်စွာ ထုဆစ်ပုံဖော်ထားသကဲ့သို့သော မျက်နှာထားသည် မည်သည့် လူအုပ်ကိုမဆို နှလုံးရပ်တန့်သွားစေနိုင်သည်..

ထိုခန္ဓာကိုယ်သည် ဖြူဖပ်ဖြူရော်ဖြင့် အေးစက်နေမှုကြောင့် သူသည် အသက်ရှင်နေသူမဟုတ်ကြောင်း ဖော်ပြနေသည်... ရှံရှေ့တော်နှစ်ဦးတို့သည် အတွင်းရုံးတော်အတွင်းရှိ ရေဆိုးမြောင်းများဆီသို့အလျင်အမြန်ရောက်ရှိလာပြီး အလောင်းအား မြောင်းထဲသို့ ပစ်လိုက်မည်ပြုစဉ် သူတို့၏လက်များအတွင်း တုန်ခါသွားသည်ဟု ခံစားလိုက်ရသည်..

" ဟမ့်.... နင်တစ်ခုခုခံစားလိုက်ရလား.."

" ဟုတ်တယ် နည်းနည်းလှုပ်သွားတယ်လို့ ခံစားရတယ်... ဒါ ငါလုပ်တာမဟုတ်ဘူးနော်.. "

ထို့နောက် သူတို့၏အကြည့်က လူငယ်၏လှပသောမျက်နှာအား ငုံ့ကြည့်လိုက်သည်တွင် သူ၏မျက်ခွံများက လှုပ်နေသည်ကို တွေ့လိုက်ရသည်...သူတို့အလွန် ထိတ်လန့်သွားကြသည်...

သူ၏ မျက်လုံးပွင့်လာသည်..

" ဝိုး....အလှလေးနှစ်ယောက်က ငါ့ကို ကိုင်ထားပြီး နိုးထလာရတာက အရမ်း စိတ်ချမ်းသာစရာကောင်းတာပဲ... ဒါပေမဲ့ မင်းတို့လေးတွေ ကိုယ့်ကိုယ်ကို အရင်မိတ်ဆက်သင့်တယ်လို့ မထင်ဘူးလား... "

လူငယ်က ဟာသလုပ်လိုက်သည်..

"...အား.........."

"သရဲ.. အလောင်းကောင်....သရဲအလောင်းကောင်..."

" ဝေးဝေးသာ ပြေးတော့.... "

သေဆုံးနေသောခန္ဓာကိုယ်က စကားထပြောနေသည်.. ဟုတ်သည် သူတို့ ငရဲကျသွားသည်ဟု ထင်လိုက်သည်.... ချက်ချင်းပင် ထိုခန္ဓာကိုယ်အား ပစ်ချလိုက်ပြီး ကျားသစ်ကဲ့သို့သောအရှိန်ဖြင့် ပြေးထွက်သွားကြသည်...

ဤ၌တွင် ခွန်ရတ်ဒ်းမြေကြီးပေါ်ပြုတ်ကျသွားသည်...သူ၏ ခန္ဓာကိုယ်မှ အနည်းငယ်သော နာကျင်မှုအား ခံစားလိုက်ရသည်..

" ခွေးမတွေ.... မင်းတို့ဘာလို့ ဒီလောက် လူမဆန်နိုင်ရတာလဲ..နောက်ကျရင် ငါမင်းတို့နဲ့ ဘယ်လိုရှင်းမလဲ စောင့်ကြည့်နေလိုက်... "

ထို့နောက် သူသည် ခြေထောက်လွဲလျက် ထိုင်လိုက်ပြီးသူ၏ အတွေးများကို ပြန်လည်စုစည်းလိုက်သည် ။ သူ၏ မှတ်ဉာဏ်များသည် မရေမရာဖြစ်နေပြီး သူပြန်စဉ်းစားမိသည်မှာ... သူက လျှို့ဝှက်ဝန်ဆောင်မှုများကြောင့်

အကျဉ်းအကြပ်ထဲရောက်နေပြီး သူ၏ရွှေရောင်ဝက်အူချောင်းအား ဖျက်ဆီးကြရန်ကြိုးစားခဲ့ကြပြီးနောက် နတ်ဘုရားတစ်ပါးက သူ့အားပြန်လည်ဝင်စားစေရန် ပို့ဆောင်လိုက်ခြင်းပင်ဖြစ်သည်......

အရင်ခန္ဓာကိုယ်ပိုင်ရှင်၏ မှတ်ဉာဏ်များသည် သူ့အား သုံးစက္ကန့်မျှ လွှမ်းမိုးသွားပြီးနောက်.... သူ့မျက်လုံးများက မယုံကြည်နိုင်စွာ ပြူးကျယ်သွားသည်..

သိသာထင်ရှားစွာပင် သူသည် စွမ်းအား၊ အဆင့်အတန်းနှင့်မော်အတတ်တို့ ကြီးစိုးနေသည့် လုံးဝကွဲပြားခြားနားသော ယခုကမ္ဘာတွင် သူရောက်နေပုံရသည်...

သန့်ရှင်းသောမီးလျှံအင်ပါယာ၏ အတွင်းရုံးတော်သည် သူရပ်နေသည့်နေရာဖြစ်ပြီး သူသည်အသက် ၁၇ နှစ်အရွယ်မိန်းမစိုးဖြစ်ကာ သူ၏မွေးမိဘများကိုယ်တိုင် နန်းတော်သို့ ရောင်းစားခြင်း ခံခဲ့ရသောသူဖြစ်သည်...

သူ၏ဖခင်သည် အရက်သမားဖြစ်ပြီး သူ၏မိခင်သည် ပြည့်တန်ဆာဖြစ်ကာ သူတို့က အကြွေးများစွာကို ဆပ်ရန်အတွက် သူ့အားနန်းတော်သို့ရောင်းရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်.. သူသည် မွန်မြတ်ကျယ်ပြန့်သောနတ်ဘုရားကုန်းမြေတိုက်ကြီးအား ရှာဖွေလေ့လာရန် အိပ်မက်မက်ခဲ့သော်လည်း ထိုအိပ်မက်အား အကောင်အထည်ဖော်ရန်အခွင့်ရေးမရခဲ့သည့်... တိတ်ဆိတ်စွာ နေတတ်သော ကလေးတစ်ယောက်သာဖြစ်သည်...

ပိုဆိုးသည်မှာ ကံကြမ္မာသည် သူမည်သို့ကိုင်တွယ်ရမည်မှန်းပင် မသိသော အရာတစ်ခုအား ကျိန်စာသင့်စေရန် ရွေးချယ်ခဲ့လေသည်..ချောမောလှပမှုပင် ဖြစ်လေသည်....

သူသည် နို့စို့အရွယ်မှစ၍ ရင့်ကျက်ချိန်အထိ သူသည် အလွန်ချောမောလွန်းလှသည်... လူသားတစ်ဦး အနေဖြင့်ဆိုလျှင် သူ၏ ရုပ်ဆင်းသွင်ပြင်လက္ခဏာများသည် ပြစ်မျိုးမဲ့မထင်ဝိညာဉ်များကိုပင် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး မနာလိုမှုပေါင်းများစွာက သူ့အားဝန်းရံနေသည်.. အမျိုးသားများက သူ့ကိုအူချင်သည်... အမျိုးသမီးများက သူနှင့်အတူအိပ်ချင်သည်...သို့သော်လည်း သူကထိုအရာအား အသုံးချရန်ရှက်ရွံ့လွန်းခဲ့သည်..

နန်းတော်သို့ ရောင်းချခြင်းခံရပြီး မိန်းမစိုးအဖြစ်သို့ရောက်ရခြင်းသည် ပိုမိုသက်သာသော ပုံစံတစ်ခုဖြစ်သည်ဟုထင်ခဲ့သည်.... သို့သော် ကံကြမ္မာ၏ ရက်စက်မှုက သူ့အား ထပ်မံတိုက်ခိုက်လိမ့်မည်ဟု မည်သူက မျှော်လင့်ထားမည်နည်း.... ဧကရာဇ်၏ စားဖိုဆောင်တွင် သူတာဝန်ထမ်းဆောင်နေစဉ် သူ့အား မွန်မြတ်သောကြင်ယာတော်၏ရံရွေတော်များက သတိထားမိသွားပြီး မကြာမီပင် သူမတို့၏ အိပ်ဆောင်များသို့ ခေါ်ဆောင်ခံခဲ့ရသည်...

မွန်မြတ်သောကြင်ယာတော်သည် အင်ပါယာ၏ အလှဆုံးအမျိုးသမီးဟု သတ်မှတ်ခြင်းခံခဲ့ရပြီး ဧကရာဇ်မင်း၏ အနှစ်သက်ဆုံးအဖြစ် လူသိ

များသည်... ထို့ကြောင့် သူမသည် သူ့အား သူမထံ ' ဝန်ဆောင်မှု ( အပေါင်း ဟင်း ) ' ပေးရန် အမိန့်ပေးသောအခါ သူသည် ထိတ်လန့်တုန်လှုပ်စွာ ငြင်းဆန်ခဲ့ပြီး သူ့အား ခွင့်လွှတ်ပေးရန်သာ တလေးတစား ကြိုးပမ်းခဲ့သော ကြောင့် သူမအား မကျေမနပ်ဖြစ်စေခဲ့ပြီး မွန်မြတ်သောကြင်ယာတော်က သူ့အား သေသည်အထိ ကြိမ်ဒဏ်ပေးခဲ့လေသည်...

" အားရိုး.....ငါ ဘယ်လိုခွေးကောင်မျိုးရဲ့ကိုယ်ထဲကို ပြန်လည်ဝင်စားခဲ့ တာတုန်း..နိုင်ငံရဲ့အလှရတနာက မင်းကို သူမခေါင်းကိုပေးချင်ခဲ့တာ လေ...ဒါကို မင်းက ငြင်းခဲ့တယ်ဟုတ်လား...အေး...မင်းနဲ့တန်တာ ပြန်ရ လိုက်တာပဲ "

" ကောင်လေးက မင်းကိုမလိုချင်ဘူးဆိုရင်လည်း သူ့ကို ပြန်ခွင့်ပြုသင့် တယ်လေ.. .. သူ့ကိုသေတဲ့အထိ ကြိမ်ဒဏ်ပေးစရာ လိုလို့လား.. ကောင်းပြီ လေ ငါအနာဂတ်မှာမင်းကို အတွင်းကျေးဇူးတင်ရမယ်လို့ ငါထင်တယ်... "

" တာ့...တာ 21 ရာစုရေ.....ဟီး..ဟီး...ဟီး..... "

ခွန်းရန်ရယ်မောကာ မတ်တပ်ရပ်လိုက်သည်... သို့သော်...သူသည် တစ်ခုခု မှုမမှန်သည်ကို ခံစားလိုက်ရသည်...

" ခနနေဦး ခနနေဦး..မိန်းမစိုးဟုတ်လား...မဟုတ်ရဘူးနော်.....ငါမရှိ တော့ဘူးလို့ မပြော........... "

" မဖြစ်ရဘူး.............................. "

သူ၏ငိုသံသည် လူသေများပင် လန့်နိုးနိုင်ပေသည်...

ကျေးဇူးတင်စရာမှာ မီတာတစ်ရာအချင်းဝက်တွင် ဘယ်သူမှ မရှိနေပေ.....

" ခေါင်းလောင်းတီးမရတဲ့ ဝက်အူချောင်းလား......ငိုးပဲ..ဒါဘယ်လိုမျိုးသောက်အဓိပ္ပါယ်မရှိတဲ့ ကိစ္စကြီးလဲ... ဒီလိုအမှိုက်မျိုးအတွက် ငါသဘောတူခဲ့တာမဟုတ်ဘူးလေ.... နတ်ဘုရားစုတ် ငါ့ကို ငါ့ရဲ့ခေါင်းလောင်းပြန်ပေး.... "

သို့ရာတွင် နတ်ဘုရားက အဖြေပြန်မပေးခဲ့ပေ... ထို့အစား စက်ရုပ်ဆန်သော ပဲ့တင်သံက သူ၏ခေါင်းထဲမှ ထွက်ပေါ်လာသည်...

" ကိုယ်လုပ်တော်ဖွဲ့စည်းခြင်းစနစ်အသက်ဝင်ပါပြီ.. "

" အသက်ဝင်ခြင်း ပြီးဆုံးပါပြီ "

" ဆက်ခံသူ၏အသံအား စစ်ဆေးနေသည် "

" စစ်ဆေးခြင်း ပြီးဆုံးပါပြီ "

" ငါ့ကောင် ဘာတွေတုန်းဟ "

ခွန်ရတ်ဒ် ၏ မျက်လုံးများ ကျယ်သွားသည်...

ဘာကြောင့် အသံတစ်ခုက သူ့ခေါင်းထဲတွင် ပဲ့တင်ထပ်နေသနည်း...... သူက တစ်ယောက်ယောက်အား အပြစ်တင်ရန် ဘယ်နှင့်ညာတွင် လှည့်ပတ်ရှာကြည့်လိုက်သည်..သို့သော် မည်သူ့ကိုမျှ ရှာမတွေ့ပေ....

" မင်းငါ့ကို ဘယ်လိုတွေ့မှာလဲ သောက်ရူးရဲ့...ငါက မင်းခေါင်းထဲမှာဟ "

" ဟုတ်ပြီ ဟုတ်ပြီ မင်းမှာ ဘာရည်ရွယ်ချက်ရှိတာလဲပြော "

" ငါကမင်းရဲ့စနစ်ပဲ... မင်းက ငါပေးတဲ့တာဝန်တွေကို ပြီးမြောက်အောင် လုပ်ဆောင်ရမယ်..လုပ်နိုင်ခဲ့ရင် နတ်ဘုရားရဲ့ဆုလာဘ်တွေကို ပျော်ပျော် ကြီး ယူယုံပဲ "

" ဟမ့်...အိုး...ဟုတ်သားပဲ....သူတစ်ခုခုကို ပြောပြလိုက်တာ သေချာပါတယ်...ဆိုတော့ကာ ဘာလုပ်ရမှာလဲ..... "

" ပင်မတာဝန်.... အရမ်းလှတဲ့ကိုယ်လုပ်တော် တစ်သောင်း ရှာယူရမယ် "

" တစ်....သောင်း.... ဟုတ်လား"

ခွန်းရန်တုန်လှုပ်သွားပြီး သူ၏တင်ပါးက သူ့ခြေထောက်ပေါ်သို့ ပုံကျသွားသည်..

" အရင်ဘဝတုန်းက ငါ့ရဲ့မှတ်တမ်းက ငါးရာပဲ...ဒါပေ့ါ ငါလုပ်မယ်... "

" ကောင်းလိုက်တဲ့စိတ်ဓာတ်.... ငါမင်းကို အခု ကိုယ်လုပ်တော်ဖွဲ့စည်းခြင်းစနစ်နဲ့ ချိတ်ဆက်လိုက်တော့မယ် "

သတင်းအချက်အလက် အမျိုးမျိုးရှိသော ခရမ်းရောင်ဖန်သားပြင်သည် ခွန်ရတ်ဒ်၏ စိတ်ထဲတွင် ပေါ်လာပြီး စနစ်၏သဘောသဘာဝသည် ရှင်းလင်းသွားခဲ့သည်...

" ဒါဆို ငါရှင်းအောင်ပြောထားမယ်... ငါက မင်းဒချိ ဒချိ လိုက်တဲ့ မိန်းကလေးတိုင်းရဲ့ အဆင့်အတန်းနဲ့ ကျင့်ကြံခြင်းအပေါ်မူတည်ပြီး အတွေ့အကြုံရမှတ်တွေရမယ်..... "

" ပင်မတာဝန်က အဆင့် ၁၀ ဆင့် ခွဲထားတယ်...တစ်ဆင့်ချင်းစီမှာ မတူညီတဲ့ဆုလာဘ်တွေရှိတယ်...ဒ့ါအပြင် ငါကမင်းကို အရံတာဝန်တွေပါ ပေးပြီး အပိုဆုလာဘ်တွေလဲ ရနိုင်သေးတယ်... ငါက င့ါရဲ့ရမှတ်တွေကို ရတနာတွေ၊ ကျင့်ကြံခြင်းမှတ်စုတွေ၊ အထူးစွမ်းရည်တွေလိုမျိုး များပြားတဲ့ ဆုလာဒ်တွေ ပြန်ဝယ်ယူနိုင်တယ်... ပြီးတော့ င့ါမှာ စစ်ဆေးတာနဲ့ အဆင့်မြှင့်တင်ပေးနိုင်စွမ်းလဲ ရှိတယ်... "

" ဟုတ်ပြီလား ရိုးရိုးလေးပဲနော်...ဘယ်လိုလဲ အလုပ်စတော့မလား... "

" သေချာတာပေ့ါ...ဒါပေမဲ့ တစ်ခုမေးစရာရှိသေးတယ်... င့ါရဲ့ ခေါင်းလောင်းနဲ့ ဝက်အူချောင်းအတွက်က ဘယ်လိုလုပ်ရမလဲ "

" အိုး...ဟုတ်တာပေ့ါ..မင်း ဒါတွေကို ပြန်ဖွဲ့စည်းရမယ် "

ခွန်ရတ်ဒ် ဆွံ့အသွားသည်.. သူမွေးကတည်းက ပါမလာသည့် အရာအား သူမည်သို့ ပြန်ဖွဲ့စည်းရမည်နည်း..

သို့သော် စနစ်ကတော့ ဆက်သွားနေသည်ပင်...

" ပင်မတာဝန် အဆင့် 1.. မိန်းမပျိုတစ်ဦးအား ဒချိရန် "

အဓိကဆုလာဒ် - ကိုယ်လုပ်တော်ရှာဖွေသူနယ်ပယ်

ရွှေရောင် ဝက်အူချောင်း ပြန်ဖွဲ့စည်းခြင်း..

ကျင့်ကြံမှုအခြေခံထိုးဖောက်ခြင်း..

စွမ်းရည်ဆုလာဘ် - ပီတိဖြာဝေလက်ချောင်း

ခန္ဓာကိုယ်ပြန်လည်သန့်စွမ်းနိုင်စွမ်း

အချိန်ကာလ သုံးနာရီ....

" ဟမ်....သုံးနာရီ ဟုတ်လား "

သူသည် ဤကမ္ဘာသစ်ကို ရောက်ရှိပြီး သူ၏ အတွေးများအား ပြန်လည်ဖွဲ့စည်းနေဆဲပင် ဖြစ်ကာ... ယခု သူသည် မိန်းကလေးတစ်ဦးအား သုံးနာရီအတွင်း ဒချိရမည်လား...

" ကောင်းပြီလေ. အဆင်ပြေပြီလို့သာမှတ်လိုက်တော့... ဒါပေမဲ့..နေဦးလေ...ငါ့မှာ ခေါင်းလောင်း မရှိပဲနဲ့ ငါက ဘယ်လိုလုပ်ရမာလဲ "

" မေ့ထားလိုက်... လူပျိုဖော်ဝင်ပြီးတဲ့ မိန်းမစိုးက ထောင်နိုင်တယ် ကာမ ဆန္ဒပြီးမြောက်နိုင်တယ်... သုတ်ပိုးမထုတ်ပေးတာနဲ့ အချိန်ကြာလာရင် အတူမနေချင်တော့တာပဲရှိတာ.... ကဲ.. အခုသွားပြီး ဒချိတော့ဟ... "

" ဒါနဲ့ စကားမစပ် မင်းကဘာလို့ စက်ရုပ်လိုမျိုးထင်ရပြီး ကျက်သရေတုံး လွန်းရတာလဲ....မင်းကဘာလို့ ပန်းကလေးလိုမျိုး စကားပြောနေရတာလဲ... "

" ငါ့ကို ဆက်ခံသူနဲ့တူအောင် အစီအစဉ်ဆွဲထားတာပဲ.. ငါက မင်းပဲ... "

ခွန်ရတ်ဒ် ပြောစရာစကားမဲ့သွားသည်...

" ကောင်းပြီ...ငါ့ရဲ့ပင်ကိုအရည်အချင်းတွေ ဖွင့်ပြပေးဦး... "

အမည် - ခွန်ရတ်ဒ်

နယ်ပယ် - မရှိသေး

ကျင့်ကြံခြင်းအဆင့် - မကျင့်ကြံရသေး

မျိုးနွယ် - နတ်ဘီလူးတစ်ပိုင်း

ရုပ်ခန္ဓာ - သေမျိုး

" နတ်ဘီလူးတစ်ပိုင်း ဟုတ်လား "

" ကြည့်ရတာ အရင်ခန္ဓာကိုယ်ပိုင်ရှင်က တကယ့်နတ်ဘီလူးတစ်ပါးရဲ့ သားတော်ပဲ .... မင်းအတွက်ကောင်းတာပေ့ါ "

" နောက်ဆုံးတော့လဲ နတ်ဆိုးကျင့်ကြံခြင်းနဲ့ လိုက်ဖက်တဲ့ ခန္ဓာကိုယ် ရထားတာပဲ...ဒါဆိုလည်း.... သွား ဒချိကြတာပေ့ါ.."

........

အချိန်သည် အဖိုးတန်ပေသည်.. ထို့ကြောင့် သူ၏အသစ်ရရှိလာသော မှတ်ဉာဏ်များကို ခံယူပြီးနောက် ခွန်ရတ်ဒ် သည်ရေချိုးရန်အတွက် မီးဖိုချောင်ရှိ မိန်းမစိုးများ၏ နားနေဆောင်သို့ ဦးစွာသွားခဲ့သည်....ပြီး နောက် မိန်းမပျို ထွက်ရှာရာတွင် ဆုတောင်းနေလျက်ရှိသည်..

အဓိကပြဿနာအား စဉ်းစားကြည့်သောအခါ ဤအချိန်တွင် ရံရွှေတော် အများစုသည် အိပ်ရာများထဲတွင် အိပ်နေကြပြီဖြစ်သည်.... ထို့ကြောင့် သူ သည် ရံရွှေတော်တစ်ဦးအား ရှာတွေ့ရန် ခက်ခဲနေသည်...

အကျယ် ၁၀ စတုရန်းမိုင် ကျယ်ဝန်းသည့် အတွင်းရုံးတော်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မြို့တစ်မြို့ဖြစ်ပြီး လူအများအပြားသည် သူ့အား သတိထားမိရန် ဝေးကွာလှသည်.. နေရာတစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ခြင်းအား အများအားဖြင့် ပို့ဆောင်ဆက်သွယ်ရေးစက်ဝိုင်းများမှတဆင့် ပြုလုပ်ကြသည်..

ခွန်းရန်သည် သူတံဆိပ်ပြားအားပြခြင်းဖြင့် မိန်းမစိုးအဆောင်များမှ ရုံးရှေ့တော်များရှိသည့် အလယ်ပိုင်းရင်ပြင်နန်းတော်သို့ သွားရန် ပို့ဆောင်ဆက်သွယ်ရေးစက်ဝိုင်းကို အသုံးပြုခဲ့သည်... သူသည် ညစောင့်တာဝန်ကျသည့် ရုံးရှေ့တော်များထဲမှ တစ်ဦးအားပစ်မှတ်ထားရန် ရည်ရွယ်ထားသော်လည်း ပန်းဥယျာဉ်ကိုဖြတ်သန်းစဉ်တွင် သူ့ရှေ့၌ နုနယ်လှပသည့်မိန်းမပျိုတစ်ဦးသည် သူ့မြင်ကွင်းထဲသို့ ဝင်ရောက်လာသည်..

ခါးထိအောင်ကျနေသော အနက်ရောင်ဆံပင်ရှည်များ၊ နုပျိုမှုနှင့်ဆွဲဆောင်မှုများဖြင့် ပြည့်နှက်နေသည့်ခန္ဓာကိုယ်၊ ညို့စာတ်အပြည့်ရှိသောအကြည့်များက သူ့အား ဖမ်းစားသွားသည်... လရောင်အောက်တွင် တောက်ပနေသောအသားအရေနှင့် သူမသည် ပန်းများကြားတွင် ထိုင်နေသည်အား တွေ့ချိန်မှာတော့ ခွန်းရန်သည် သူမအားလိုချင်ကြောင်း အတပ်သိလိုက်သည်....

(အဟင်းဟင်း)

***